## ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၃၇)

## လူထုအခွင့်အရေးဆိုင်ရာ ပြဌာန်းချက်တွေ ကင်းမဲ့တဲ့ နဝတ ဖွဲ့စည်းပုံအခြေခံဥပဒေ

နအဖ က အတင်းအကြပ်အတည်ပြုလိုက်တဲ့ နဝတ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြောရိုးပြုပြီး ကျင်းပဘို့ သတ်မှတ်ထားတဲ့ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲ တစ တစ နီးကပ်လာနေပါပြီ။ ရွေးကောက်ပွဲ နီးလာလေလေ၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနဲ့ တိုင်းရင်းသား ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးတွေအတွက် တိုက်ပွဲနေကြတဲ့ နိုင်ငံရေးပါတီ အဖွဲ့အစည်းတွေနဲ့ လှုပ်ရှားတက်ကြွသူတွေအတွင်းမှာ ဘယ်လို မဟာဗျူဟာတွေနဲ့ ဆက်လက် လှုပ်ရှားကြမယ်ဆိုတဲ့စဉ်းစားမှု၊ ဆွေးနွေးမှု၊ အမြင်ဖလှယ်မှုတွေ ပိုပြီး ပြင်းထန်လာလေလေ ဖြစ်ပါတယ်။ ဒီလို စဉ်းစားဆွေးနွေးမှုတွေကို အထောက်အပံ့ဖြစ်စေဘို့ ယခုတပတ်မှာ ဆက်လက်တင်ပြသွားမှာပါ။

၁၉၈၈ ခုနှစ် ရှစ်လေးလုံးအရေးတော်ပုံကြီး အပြီးမှာ ကျောင်းသားတွေဦးဆောင်တဲ့ ဒီမိုကရေစီရေး အင်အားစုတွေနဲ့ လက်နက်ကိုင် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့တွေ ပေါင်းစပ်မိသွားခဲ့ကြတယ်။ ဒီ အခါမှာ စစ်အုပ်စုရဲ့အုပ်ချုပ်မှုကို ဖြိုချနိုင်လောက်တဲ့ နိုင်ငံရေးအင်အားကြီးတရပ်ဟာ ကရင်ပြည်နယ် မာနယ်ပလောမှာ ပေါ်ပေါက်လာခဲ့တယ်။ ဒီ အင်အားစုကြီးဟာ နိုင်ငံရေးလှုပ်ရှားမှုတွေကိုသာမကလက်နက်ကိုင်တော်လှန်ရေးကိုပါ ပေါင်းစပ်ကျင့်သုံးခဲ့တယ်။ နိုင်ငံရေး လှုပ်ရှားမှုတွေ အနက် အနာဂါတ်မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) တရပ်ရေးဆွဲဘို့ဆိုတဲ့လုပ်ငန်းစဉ်တရပ်လည်း ထိီးထိီးမားမား ပါဝင်ခဲ့တယ်။ ဒီ အင်အားစုကြီးကို ပြည်တွင်းလူထု သာမက နိုင်ငံတကာ ကပါ သတိပြုမိတဲ့အချိန်မှာ နိုင်ငံရေးအရ ဖြိုခွဲမှုကို ခံခဲ့ရတယ်။ ဘာကြောင့်လဲဆိုတော့ စစ်အုပ်စုက **အပစ်အခတ်ရပ်စဲရေး လုပ်ငန်းစဉ်ကို** ချမှတ်ကျင့်သုံးနိုင်ခဲ့လို့ပါဘဲ။

ဒီ မဟာဗျူဟာ ရဲ့အကျိုးဆက်အနေနဲ့ ၁၉၈၉ ခုနှစ်မှာ ပထမဦးဆုံးခံလိုက်ရတာကတော့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ဦးဆောင်မှုအောက်မှာ ရှိခဲ့တဲ့ ၀ လက်နက်ကိုင်တပ်ဖွဲ့တွေ ပုန်ကန်၊ တပါတီထောင်သီးခြားရပ်တည်၊ နအဖနဲ့ အပစ်အခတ် ရပ်စဲရေးလုပ်သွားခဲ့တာကို ပထမဆုံး သတိပြုမိဘို့ လိုပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီ ဦးဆောင်တဲ့ လက်နက်ကိုင် တော်လှန်ရေးရဲ့ သေနတ်သံတွေ တိတ်ဆိတ်သွားတဲ့အခါ ပလောင်၊ ရှမ်း၊ ပအို့ဝ်၊ ကယမ်း၊ ကရင်နီ၊ ကချင် အစရှိတဲ့ အခြားတိုင်းရင်းသားအဖွဲ့တွေ တဖွဲ့ပြီး တဖွဲ့ အပစ်အခတ်ရပ်စဲရေး လုပ်သွားခဲ့ကြတယ်။ ဒီဖြစ်စဉ်ကြီးဟာ မာနယ်ပလောအခြေပြု နိုင်ငံရေးအင်အားစုကြီးကို ကြီးမားစွာရိုက်ခတ်ခဲ့တယ်။ စစ်အုပ်စုဟာ အရှေ့မြောက်ဒေသတွေမှာ ချထားတဲ့ တပ်ရင်းပေါင်း ခုနှစ်ဆယ်ကျော်အနက် အများစုကိုရုပ်သိမ်းပြီး အရှေ့တောင်ဒေသ ကရင်၊ မွန်၊ ကရင်နီ ပြည်နယ်တွေဆီကို ရွှေ့ပြောင်းနိုင်ခဲ့တယ်။ စစ်ရေးအရ ကြီးမားတဲ့ တိုက်ပွဲတွေ ဆင်နွှဲခဲ့တယ်။ မာနယ်ပလောအခြေပြုနိုင်ငံရေး အင်အားစုကြီးဟာ မိမိတို့ရဲ့လွတ်မြောက်ဒေသကြီးကို ၁၉၉၄ နှစ်အထိ စစ်ရေးအရ ကြံ့ကြံ့ခံ ကာကွယ်နိုင်ခဲ့ပေမယ့် နောက်ဆုံးမှာ လက်လွှတ် ဆုတ်ခွာပေးခဲ့ကြရတယ်။ ဒါဟာ ငြင်းလို့မရတဲ့ သမိုင်းဖြစ်ရပ်ကြီး ဖြစ်သွားခဲ့ပါပြီ။

ဒီ ဖြစ်ရပ်ကြီးကို ဒီကနေ့ဒီအချိန်မှာ ပြန်လည်သုံးသပ်ကြည့်ဘို့လိုအပ်လာပါပြီ။ အာဏာရ စစ်အုပ်စုအနေနဲ့ လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းတွေရဲ့ တိုက်ပွဲဝင်မှုကို ချိုးနှိမ်နိုင်ခဲ့တာဟာ တကယ်တော့ စစ်ရေးအရ တော်လို့ ထက်မြက်လို့ မဟုတ်ပါဘူး။ ဆယ်စုနှစ်ပေါင်းများစွာဖြစ်ပွားခဲ့တဲ့ ပြည်တွင်းစစ်အတွင်းမှာ ဘယ်လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းကိုမှ စစ်ရေးအရ အပြတ်တိုက်အနိုင်ယူနိုင်ခဲ့တာ မရှိပါဘူး။ သူတို့ အာဏာတည်မြဲရေးအတွက် အထောက်အကူဖြစ်စေမယ့် နိုင်ငံရေးလုပ်ငန်းစဉ်ကိုချမှတ်ကျင့်သုံးနိုင်လို့ဖြစ်ပါတယ်။ ဒီ နိုင်ငံရေးလုပ်ငန်းစဉ်အောက်မှာ စစ်အုပ်စုအနေနဲ့ ကြီးမားစွာ အကျိုးဖြစ်သွားခဲ့တယ်။ နှစ်ပေါင်းနှစ်ဆယ်နီးပါးကြာမျှ တိုင်းပြည်ကို ဆက်လက် အုပ်ချုပ်နိုင်ခဲ့တယ်။ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့ တကယ့်အများစုကြီးနဲ့၊ တိုင်းရင်းသားပြည်သူတွေကတော့ ဘာတခုမှ အကျိုးမရှိခဲ့ဘူး။ ကိုယ့် အမျိုးသားအချင်းပြန်ပြီး တိုက်ကြ၊ သတ်ကြတာတွေ အမြောက်အများ ဖြစ်ပွားခဲ့၊ ဆက်လက်ဖြစ်ပွားနေဆဲ ဖြစ်တယ်။ အမျိုးသား တခုခြင်းစီအတွင်းမှာ ပြိုကွဲမှုတွေဖြစ်ပွားနေရုံသာမက၊ ပြည်ထောင်စု တခုလုံးအတွင်းမှာ အမျိုးသားစည်းလုံးညီညွတ်မှု ရစရာမရှိအောင် ပြိုကွဲနေခဲ့ပြီဆိုတာကိုသာ တွေ့ရမှာဖြစ်ပါတယ်။

အခု နအဖ စစ်အုပ်စုက ချမှတ်ကျင့်သုံးနေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ မဟာဗျူဟာ ဟာ အပစ်အခတ်ရပ်စဲရေးနိုင်ငံရေး လုပ်ငန်းစဉ်ထက် အဆများစွာ ဆိုးပါတယ်။ ၁၉၈၈ ခုနှစ်ကနေ စပြီးရေတွက်မယ်ဆိုရင်ကိုဘဲ တိုင်း

ပြည်ကိုနှစ်ပေါင်း နှစ်ဆယ်နီးပါးမျှ အုပ်ချုပ်နိုင်ခဲ့တဲ့နေရာမှာ အပစ်အခတ်ရပ်စဲရေး နိုင်ငံရေး လုပ်ငန်းစဉ်ဟာ စစ်အုပ်စုကို အဓိက ကျားကန်ပေးခဲ့တယ်။ အခုလက်ရှိချမှတ်ဖေါ်ဆောင်နေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ မဟာဗျူဟာကိုသာ နိုင်ငံရေးပါတီ အဖွဲ့အစည်းတွေ၊ လူထုတွေက ပူးပေါင်းဆောင်ရွက်မယ် ဆိုရင်တော့ စစ်အာဏာရှင်စနစ်ဟာ နောက်ထပ် နှစ်ပေါင်းနှစ်ရာ သက်ဆိုးရှည်သွားနိုင်ပါတယ်။ နအဖရဲ့ နာဂစ်ဖွဲ့စည်းပုံကိုလက်ခံ၊ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်၊ ၂၀၁၀ ရွေးကောက်ပွဲဝင်၊ စစ်အုပ်စု ရုပ်ပြဖန်တည်းထားတဲ့ လွှတ်တော်ထဲမှာ စက်ရုပ်အမတ်တွေအဖြစ် လက်ညှိုးထောင် ခေါင်းညိမ့်ဘို့ ကြိုးစားတဲ့ လုပ်ဆောင်ချက်မှန်သမျှ ပူးပေါင်းဆောင်ရွက်တာဘဲ လို့ ပြောရမှာဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ လမ်းကြောင်းအတိုင်း ဝင်ပြီးလှုပ်ရှားတယ်ဆိုတာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လူထုအတွက် အခွင့်အရေးတစုံတရာကျင့်သုံးခွင့်ရရှိတဲ့ အနေအထားရှိမှသာ လက်တွေ့ကျမှာ၊ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ ဒါကိုရှင်းလင်းအောင် စဉ်းစားနိုင်ဘို့အတွက် လက်ရှိထိုင်းနိုင်ငံမှာ ဖြစ်ပွားနေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ အပေါ်မှာ အခြေခံတဲ့ နိုင်ငံရေး လှုပ်ရှားမှုတွေ အကြောင်း မိတ်ဆက်ပေးလိုပါတယ်။

ထိုင်းနိုင်ငံမှာ ၂၀၀၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဌာန်းပြီး ရွေးကောက်ပွဲကျင်းပတဲ့အခါ အခုလက်ရှိ ဝန်ကြီးချုပ် ဆမတ် ဦးဆောင်တဲ့ ပြည်သူ့အင်အားပါတီက လွှတ်တော်ထဲမှာ အမတ်နေရာ အများစုနဲ့ အနိုင်ရခဲ့တယ်။ ပြည်သူ့အင်အားပါတီဟာ ဝန်ကြီးချုပ်ဟောင်းထပ်ကဆင်ရဲ့ ဖျက်သိမ်းခံလိုက်ရတဲ့ ထိုင်းရပ်ထိုင်း ပါတီခေါင်းဆောင်တွေကပြန်လည် ဖွဲ့စည်းတည်ထောင်လိုက်တဲ့ ပါတီပါ။ ရွေးကောက်ပွဲဝင်ခဲ့တဲ့အခါမှာ ထပ်ကဆင်ကနေ လူအားရော၊ ငွေအားပါ အပြည့်အဝ ပံ့ပိုးပေးခဲ့တယ်လို့ သိရတယ်။ ဒါကြောင့် လက်ရှိအာဏာရနေတဲ့ ပြည်သူ့အင်အားပါတီဟာ ထပ်ကဆင်ရဲ့ ပါတီလို့ တောင်ပြောနိုင်ပါတယ်။

ဒီပါတီ အာဏာရလာလာခြင်း ပထမဆုံး လုပ်ဘို့ကြိုးစားတဲ့ ကြီးကျယ်တဲ့ နိုင်ငံရေးလုပ်ငန်းစဉ်ကတော့ ၂၀၀၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဘို့ကြိုးစားခြင်းဘဲ ဖြစ်ပါတယ်။ ဒီလို ပြင်ဘို့ကြိုးစားတဲ့ လုပ်ရပ်အပေါ် ချမ်မလောင်းတို့ဦးဆောင်တဲ့ ဒီမိုကရေစီ လူထုတပ်ပေါင်းစုက အကြီးအကျယ်ဆန္ဒပြကန့်ကွက်မှုတွေ လုပ်လာပါတယ်။ ဒီမိုကရေစီ လူထုတပ်ပေါင်းစုဟာ ထပ်ကဆင် ဝန်ကြီးချုပ်ဖြစ်စဉ်တုံးက ထပ်ကဆင်နဲ့ သူ့ရဲ့အပေါင်းပါတွေ တိုင်းပြည်ကို ရောင်းစားတယ်လို့ ပြောရလောက်အောင် လာဘ်စားမှုတွေရှိတာကို ဖေါ်ထုတ်ဖွင့်ချပြီး လမ်းပေါ်လူထုကန့်ကွက်ဆန္ဒပြမှုတွေလုပ်ခဲ့တဲ့ အဖွဲ့ ဖြစ်တယ်။ အဲဒီရဲ့ အကျိုးဆက်အနေနဲ့ စစ်တပ်ပါ ပါဝင်လာပြီး အစိုးရကို ဆန့်ကျင်တဲ့ အာဏာသိမ်းမှုတွေ ဖြစ်ခဲ့တာကြောင့် ထပ်ကဆင် အစိုးရပြုတ်ကျသွားခဲ့တာပါ။ အခုတခါ ဒီမိုကရေစီ လူထုတပ်ပေါင်းစု နောက်တကြိမ် လမ်းပေါ်ကိုထွက်လာပြီး ဆမတ်အစိုးရကို ဆန့်ကျင်လှုပ်ရှားလာရတဲ့ အဓိက အကြောင်းပြချက်ကတော့ ဆမတ် အစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဘို့ကြိုးစားတာကြောင့်ပါ။

ထပ်ကဆင်နဲ့ သူ့ရဲ့အပေါင်းပါတွေ ကျူးလွန်ခဲ့တဲ့ လာဘ်စားမှုတွေကိုဖေါ်ထုတ်ပြီး အရေးယူဆောင်ရွက်နိုင်ရေးအတွက် စစ်အစိုးရ အာဏာသိမ်းထားစဉ်တုံးက ဖွဲ့စည်းစစ်ဆေးစေခဲ့တဲ့ ဥစ္စာပစ္စည်းတွေ အကဲဖြတ်ရေး ကော်မတီ ဆိုတာရှိပါတယ်။ အဲဒါအပြင် အစိုးရရဲ့ လုပ်ပိုင်ခွင့်တွေကို ကြီးကြပ်စစ်ဆေးခွင့်ရှိတဲ့ တိုင်းပြည်အဆောက်အအုံတွေလည်း ၂၀၀၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ အမြောက်အများပါရှိပါတယ်။ ဖွဲ့စည်းပုံကို ပြင်လိုက်ရင် ဒီကော်မတီရဲ့ တည်ရှိမှုရပ်ဆိုင်းသွားပြီး အစိုးရရဲလုပ်ပိုင်ခွင့်တွေကို ကြီးကြပ်စစ်ဆေးခွင့်ရှိတဲ့ တိုင်းပြည်အဆောက်အအုံတွေလည်း ပျက်စီးသွားနိုင်တယ်လို့ ဒီမိုကရေစီ လူထုတပ်ပေါင်းစုက အကြောင်းပြပါတယ်။ လူတဦးရဲ့ အကျိုးစီးပွားကို ကာကွယ်ဘို့အတွက် တိုင်းပြည်တခုလုံးရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်တာမျိုးမဖြစ်သင့်ဘူးလို့ ထောက်ပြပါတယ်။ ဒီလိုနဲ့ ဆမတ်အစိုးရ ဆန့်ကျင်ရေး လမ်းပေါ် လူထုလှုပ်ရှားမှုကြီး တဖြေးဖြေးအားကောင်းလာပြန်ပါတော့တယ်။ ထိုင်းနိုင်ငံရဲ့နိုင်ငံရေး အကြပ်အတည်း တကျော့ပြန်ဖြစ်လာပြီလို့ ပြောနိုင်ပါတယ်။ ဘယ်လိုဖြေရှင်းကြမလဲဆိုတာကို ထိုင်းတနိုင်ငံလုံးက နည်းလမ်းရှာဖွေကြတဲ့အခါမှာ လမ်းပေါ်ဆန္ဒပြပွဲတွေကနေ ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြောက်ခြင်းခံရတဲ့ အစိုးရကို ဖြုတ်ချတာမျိုးကို မလိုလားကြဘူး။ စစ်တပ်က နောက်တကြိမ်ထပ်ပြီး အာဏာသိမ်းတာမျိုးလည်း မဖြစ်စေခြင်ဘူး။ ဒီ အချိန်မှာ စိတ်ဝင်စားစရာကောင်းတဲ့ အကြံပြုချက် ထွက်ပေါ်လာပါတယ်။ ထိုင်းနိုင်ငံဘန်ကောက်မြို့မှာရှိတဲ့ ပညာရှင်တွေ၊ တက္ကသိုလ်ပါမောက္ခတွေ စုပေါင်းအကြံပြုကြတာပါ။ အဲဒါကဘာလဲဆိုတော့ အခုရင်ဆိုင်နေတဲ့ နိုင်ငံရေးပြဿနာကို အဖြေရှာရာမှာ ဥပဒေစိုးမိုးရေး အခြေခံကနေ တရားစီရင်ရေးမဏ္ဍိုင်ကို အဓိကထားသင့်တယ် ဆိုတာဘဲ ဖြစ်ပါတယ်။ လက်တွေ့၌လည်း ဒီအတိုင်း တောက်လျှောက်ဖြစ်လာတယ်လို၌ သုံးသပ်ရပါတယ်။

ပထမဆုံးသတိပြုမိတဲ့ ဖြစ်ရပ်က ဝန်ကြီးချုပ်ဆမတ်ရဲ့ ပြည်ထဲရေးဝန်ကြီး ချလုမ်နဲ့ ပတ်သက်လို့ ဖြစ်ပါတယ်။ ဒီမိုကရေစီ လူထုတပ်ပေါင်းစုရဲ့ လှုပ်ရှားမှု၊ ဟောပြောမှုတွေကို ပုံမှန်ရုပ်မြင်သံကြားမှာ ထုတ်လွှင့်ပေးတဲ့ လိုင်းတခုကို ချလုမ်ကနေ ပိတ်ခိုင်းပြီး ဥပဒေနဲ့ အညီ အရေးယူဘို့ ပြည်နယ်အုပ်ချုပ်ရေးမှူးတွေကို အမိန့်ပေးခဲ့တယ်။ ဒီ သတင်းဟာ ချက်ခြင်းလိုဘဲ တောမီးလိုပြန့်နှံ့သွားပြီး ဒီမိုကရေစီ လူထုတပ်ပေါင်းစုရဲ့ ငြိမ်းချမ်းစွာလှုပ်ရှားမှုကို ထိခိုက်တော့မယ် ရယ်လို့ခန့်မှန်းချက်တွေ ထွက်ပေါ်လာပါတယ်။ ဒါပေမယ့် ဒီမိုကရေစီ လူထုတပ်ပေါင်းစုက တုန့်ပြန်မှုဟာ ပညာသားပါတယ်လို့ ပြောနိုင်ပါတယ်။ တခွန်းထဲဘဲ တုန့်ပြန်ခဲ့တာပါ။ အဲဒါက ဘာလဲဆိုတော့ ထိုင်း နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သတင်းအချက်အလက်တွေရယူခွင့် (The Right to Obtain Information) ကို လူထုရဲ့အခြေခံအခွင့်အရေးအဖြစ် အတိအလင်း ပြဋ္ဌာန်းထားတယ်။ ပြည်ထဲရေးဝန်ကြီးက ရုပ်မြင်သံကြားလိုင်း ကို အတင်းအကြပ်ပိတ်မယ်ဆိုရင် ဖွဲ့စည်းပုံမှာပြဋ္ဌာန်းပါရှိတဲ့ လူထုရဲ့အခြေခံအခွင့်အရေးကို ငြင်းဆိုလိုက်တာ ဖြစ်တယ်။ အစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေကိုမျက်ကွယ်ပြုလိုက်တာ ဖြစ်တယ်လို့ ပြင်းပြင်းထန်ထန်တုန့်ပြန်လိုက် တယ်။ အဲဒီ တုန့်ပြန်ချက်ထွက်လာပြီးတဲ့ နောက် ရက်ပိုင်းအတွင်းမှာဘဲ ပြည်ထဲရေးဝန်ကြီးဟာ သူ့အမိန့်ကိုပြန် လည်ရုပ်သိမ်းသွားခဲ့ရတာကို အထင်အရှား တွေ့ရတယ်။

ဒါက အစပိုင်းကာလလေးမှာတင်ဘဲ ဖြစ်ပါတယ်။ နောက်ပိုင်း ထိုင်းနိုင်ငံမှာ တရက်ပြီးတရက် အချိန်ကြာလာလေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဗဟိုပြုတဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေပြင်းထန်လာလေ၊ လူထုအခွင့်အရေးကို ကာကွယ်စောင့်ရှောက်တဲ့ တိုင်းပြည်အဆောက်အအုံတခုဖြစ်တဲ့ တရားစီရင်ရေး ယန္တယား အားကောင်းပြင်းထန်လာလေ ဖြစ်တယ်ဆိုတာကို နောက်ပိုင်း ဆောင်းပါးတွေမှာ ဆက်လက်တင်ပြသွားပါမယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်ထဲမှာ ဝင်ရောက်လှုပ်ရှားတယ်ဆိုတာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာကိုက လူထု အခွင့်အရေးတွေကို ပြဋ္ဌာန်းထားဘို့၊ အဲဒီ လူထုအခွင့်အရေးတွေ ချိုးဖေါက်ခံရရင် လက်တွေ့အကာအကွယ်ပေးနိုင် မယ့်လွတ်လပ်တဲ့ တိုင်းပြည် အဆောက်အအုံတွေ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီတည်ရှိဘို့လိုပါတယ်။ နအဖ စစ်အုပ်စုရဲ့ နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေမှာတော့ ဒီအခြေခံတွေ လုံးဝကင်းမဲ့နေကြောင်းနဲ့ နအဖ ဖွဲ့စည်းပုံလမ်း အတိုင်းမြှောလိုက်ပြီး ဒီမိုကရေစီတဖြေးဖြေးရအောင်ကြိုးပမ်းသွားမယ်ဆိုတဲ့ စဉ်းစားချက်မျိုးဟာဖြင့်ရင် တောင်ထိပ် ကြာပေါက် အနောက်က နေထွက်မယ့် အနေအထားမျိုးသာ ဖြစ်တဲ့အကြောင်း တင်ပြရင်း နိဂုံးချုပ်လိုက်ပါတယ်။